By Janet Barnes

# ခေါင်မိုးပေါ်မှ ပဲ့တင်သံများ

**တံတား**

မက်ဆီကို နိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်တဲ့ တမ်ပီကို ဆိပ်ကမ်းမြို့ကို Family International အဖွဲ့နဲ့ စေတနာ့ဝန်ထမ်းအလုပ်လုပ်ဖို့ ကျွန်မရောက်လာတော့ ကျွန်မတို့ နေမယ့် သုံးထပ် အိမ်ကျယ်ကြီးဆီကို ခေါ်သွားကြပါတယ်။ ရှုပ်ထွေးနေတဲ့ မြို့ထဲနဲ့လည်းနီးပြီး ကျွန်မတို့အလုပ်လုပ်တဲ့ မြို့ပြင် ဆင်းရဲသား ရပ်ကွက်တွေနဲ့လည်း မဝေးပါဘူး။ နေရာလေးက ကောင်းပါတယ်။ ဆည်းဆာအချိန်မှာ လူတွေ စုဝေးတတ်ပြီး လှုပတဲ့ လဂွန်းနာနဲ့လည်း နီးပါတယ်။ သန့်ရှင်းပြီး လူသိပ်မရှုပ်တဲ့ ကမ်းခြေနဲ့လည်း မဝေးဘူး။ ဘယ်လောက်ပျော်စရာကောင်းတဲ့နေရာ လေးလဲ။ လှေကားနောက်ဆုံးအဆင့်ကိုတက်ရင်းနဲ့ ကျွန်မတွေ လိုက်မိတယ်။ အကောင်းဆုံးက လာတော့မှာပါ။ တံခါးက လသာဆောင်ကို ဦးတည်နေပါတယ်။ အပေါ်မှာက စွန်ပလွန်ပင်တွေ၊ ခေါင်မိုးတွေ၊ ပြီးတော့ ဟိုးအဝေးမှာက ကမ်းစပ်ကို ပေါင်းကူးထားတဲ့ တံတားကြီး။ အိုမြင်ကွင်းအစုံပါပဲ။ တံတားကြီးပေါ်က မီးရောင်စုံတွေ၊ အိမ်ခေါင်မိုးတွေနဲ့ ညနေချမ်းလေပြေလေညင်းလေးကို ပေါင်းစပ်လိုက်ရင်တော့ ရင်သပ်ရှုမောစရာတွေချည်းပါပဲ။ အဲဒီလသာဆောင်ကနေ မြင်ရတဲ့ မြင်ကွင်းတွေက လူပေါင်းများစွာအတွက် တကယ့်ကို ကြည်နူးစရာ ညနေခင်းပါ။

ကမ်းခြေရဲ့ ရာသီဥတုကတော့ အပြောင်းအလဲများပါတယ်။ တခါတလေ ညနေပိုင်းမှာ အင်္ကျီပွပွပါးပါးနဲ့နေနိုင်ပြီး ညကျတော့ ဆွယ်တာအနွေးထည် ဝတ်ရပါတယ်။ ပုံမှန်အားဖြင့်တော့ နေသာပြီး ကြည်လင်တဲ့ ရာသီဥတုဖြစ်ပေမဲ့ မုန်တိုင်းတွေ မမျှော်လင့်ဘဲ မိုးအုံ့ပြီး မိုးရွာတာတွေလည်း ဖြစ်တတ်ပါတယ်။ တခါတလေမှာ အနီးအနားက ဟာရီကိန်း မုန်တိုင်းတွေရဲ့ အဖျားအနားတွေလည်း လာတတ်ပါတယ်။ ဘယ်လိုရာသီဥတုမျိုးပဲဖြစ်ဖြစ် ကျွန်မကတော့ နေ့တိုင်းနီးပါး လသာဆောင်ကနေ ကျယ်ဝန်းလှတဲ့ ရှုခင်းကို ကြည့်ဖြစ်ပါတယ်။လှပတဲ့ တံတားကြီးဟာ အရမ်းခမ်းနားထည်ဝါပြီး ကြည့်လိုက်ရင် အားရစရာကောင်းလှ ပါတယ်။ တံတားကြီးက ကမ်းနှစ်ခုကို ဆက်သွယ်ပေးထားပါတယ်။ သူသာမရှိရင်တော့ အရာအားလုံးဟာ ပေါင်းစည်းမိခဲ့ကြမှာ မဟုတ်ပါဘူး။

တစ်မနက်မှာတော့ လသာဆောင်နဲ့ ဆက်ထားတဲ့ အခန်းတစ်ခန်းကနေ တံတားကြီးကို မြင်လိုမြင်ငြား အပြင်ကို ထွက်ကြည့်ပေမယ့် မမြင်ရပါဘူး။ မြူတွေ၊ နှင်းတွေကများ မြင်ကွင်းကို ပိတ်နေလို့လား။ ကျွန်မစဉ်းစားမိပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ ကျွန်မနေတဲ့နေရာက မမှန်တာကို သိလိုက်ရပါတယ်။ နေရာကို နည်းနည်းရွှေ့လိုက်တော့ စိတ်ကို လှုံ့ဆော် တွန်းအားပေးလွန်းလှတဲ့ မြင်ကွင်းကို ပြန်မြင်ရပါတယ်။

အဲဒီမှာပဲ အတွေးတစ်ခု ရလိုက်ပါတယ်။ တံတားကြီးဟာ ဘုရားနဲ့ ကျွန်မတို့အကြားက ဆက်ဆံရေးလိုပဲ ဖြစ်ပါတယ်။ အဲဒါဟာ အမြဲတမ်း လှုံ့ဆော်အားပေးဖို့နဲ့ နှစ်သိမ့်ဖို့ ရှိနေတယ်။ တံတားကြီးကြောင့် နိုင်ငံတော်သစ် ကို ကျွန်မတို့ ဝင်ရောက်ခွင့်ရကြပြီး ကျွန်မတို့ လိုအပ်တဲ့ အကူအညီနဲ့လမ်းညွှန်မှုတွေကိုလည်း ရရှိကြပါတယ်။ တခါတလေမှာတော့ မြင်ကွင်းဟာ ကွယ်နေတယ်လို့ ထင်ရတတ်ပါတယ်။ ဒါမှ မဟုတ် ကျွန်မတို့ အားကိုးဖို့ သင်ကြားခဲ့ရတဲ့ အရာကြီးဟာ ဒီတစ်ကြိမ်သာ ပျက်ကွက်ခဲ့တယ်လို့ ထင်ရတတ်ပါတယ်။ တကယ်တော့ ကျွန်မတို့ရဲ့ စိတ်နှလုံးကိုသာ ပြုပြင်ဖို့ လိုနေတာပါ။ ဒီတော့မှ ချိုမြိန်လှတဲ့ လှုံ့ဆော်မှုနဲ့ အားပေးနှစ်သိမ့်မှု၊ ငြိမ်သက်ခြင်းတို့ဟာ ကျွန်မတို့ရဲ့ "မြင်ကွင်း" ထဲမှာ ရောက်လာမှာပါ။ ကျွန်မတို့ရဲ့ ယုံကြည်ခြင်းဟာလည်း ပြန်လည်ရှင် သန်လာမှာပါ။

**ဘင်ခရာတီးဝိုင်း**

အပတ်တိုင်းရဲ့ တစ်ညနေခင်းမှာ ကျွန်မရဲ့ ခေါင်မိုးပေါ်ကနေ အဝေးက ဘင်ခရာတီးဝိုင်း အသံလိုလို ကြားရတတ်ပါတယ်။ တီးဝိုင်းကိုတော့ တစ်ခါမှ မမြင်ခဲ့ပေမယ့် သူတို့ရဲ့ ဂီတသံစဉ်ကို နားထောင်ပြီး သူတို့ဟာ ချီတတ်နေတယ်ဆိုတာကို ခန့်မှန်းမိပါတယ်။ တီးဝိုင်းက တော်တော်ကြီးပုံရတယ်။ တူရိယာတွေလည်း အစုံပါတယ်။ ကောနက်၊ ထရမ်ဘုန်း၊ ဗုံ၊ လင်းကွင်း၊ ကျူဘာ-စသဖြင့်ပေါ့။ အပတ်တိုင်း တစ်နာရီ ကျော်လောက် လေ့ကျင့်လေ့ရှိကြ ပါတယ်။

ဒီအတိုင်းအတာလောက်ပဲ အမြဲတမ်းကျင့်ကြတယ်။ ကျွန်မက သိပ်နားလည်တာမဟုတ်တော့ သူတို့ တိုးတက်လာတယ်၊ တိုးတက်မလာဘူးဆိုတာကိုတော့ မပြောပြတတ်ဘူး။ အပတ်တိုင်း အချိန်ပေးလေ့ကျင့်ကြတော့ တိုးတက်လာလိမ့်မယ်လို့ပဲ ထင်မိပါတယ်။ အဲဒီဘင်ခရာတီးဝိုင်းက များများလေ့ကျင့်လေလေ တိုးတက်လေလေဆိုတဲ့အောင်မြင်ခြင်းရဲ့လျှို့ဝှက်ချက်ကို ကျင့်သုံးနေတာပါ။

ဒီနိယာမကို ကျွန်မတို့အားလုံး သိထားပြီးသားပါ။ ဒါပေမယ့် ကျွန်မတို့ဘဝမှာ ဘယ်လောက်ထိ လက်တွေ့ကျင့်သုံးခဲ့ဖူးပါသလဲ? ဥပမာအားဖြင့် အရာရာကို အကောင်းဘက်ကမြင်ရင် ကျွန်မတို့အတွက် ကောင်းမှန်း သိထားကြတယ် မဟုတ်လား? ဒုက္ခနဲ့ တွေ့တဲ့အခါ "လာပြန်ပြီ ဒီဒုက္ခ" လို့ ကျွန်မတို့ ပြောလေ့ရှိတယ်။ အဲဒီဒုက္ခကို တီးဝိုင်းက လူတွေ လုပ်သလိုပဲ လေ့ကျင့်ဖို့ အခွင့်အရေးပဲလို့ မြင်တတ်ရင် ဘယ်လောက်ကောင်းမလဲ? အဆိုးမြင်ဖို့ စုံစမ်းနှောက်ယှက်ခြင်းခံရတဲ့အခါ ဘုရားရှင်ကို ချီးမွမ်းနိုင်အောင် ကြိုးစားကြည့်ပါလား။ ကောင်းကောင်းစဉ်းစားကြည့်မယ်ဆိုရင် ဘုရားရှင်ကို ချီးမွမ်းဖို့ချည်းပါပဲ။ ယုံကြည်စွာနဲ့ လျှောက်လှမ်းမယ်ဆိုရင် ပိုပြီးလွယ်လာပြီးတော့ ပိုပြီးတော်လာမှာ။ မိတ်ဆွေဟာ အကောင်းပိုမြင်တဲ့၊ ပိုပြီးပျော်ရွှင်တဲ့လူ တစ်ယောက်ဖြစ်လာမှာပါ။ ဒါဟာ ရိုးရိုးလေးပါပဲ။

ဒါနဲ့ ကျွန်မတို့ တီးဝိုင်းက ကော? ဟုတ်ပါတယ်၊ သူတို့ ဆက်လေ့ကျင့်နေဆဲဖြစ်ပြီး ပိုပြီး တိုးတက်လာဆဲပါ။